**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**ညွှန်ကြားချက်အမှတ်၊ ၄ / ၂၀၂၁**

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၉၄-ခ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **"တိုင်းတာစစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအရာရှိများအတွက် လေ့ကျင့်သင်ကြားခြင်းဆိုင်ရာညွှန်ကြားချက်"** ကို ထုတ်ပြန်လိုက်သည်။

၁။ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာ စစ်ဆေးရေးမှူးကြီးများ၊ တိုင်းတာစစ်ဆေးရေးမှူးများနှင့် တိုင်းတာစစ်ဆေးရေးမှူးသင်တန်းသားများသည် နောက်ဆက်တွဲ(က) တွင်လည်းကောင်း၊ ပင်လယ်ရေကြောင်း အလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိကြီးများ၊ စစ်ဆေးရေးအရာရှိများနှင့် စစ်ဆေးရေးအရာရှိ သင်တန်းသားများသည် နောက်ဆက်တွဲ (ခ) တွင်လည်းကောင်း ဖော်ပြထားသည့် လေ့ကျင့်သင်ကြားခြင်း အစီအစဉ်ပါလိုအပ်ချက်များနှင့်အညီ လေ့လာသင်ကြားပြီး ဖြစ်ရမည်။

၂။ (က) ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးသည် အောက်ဖော်ပြပါ အနိမ့်ဆုံးရှိရမည့် အရည်အချင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(၁) ၁၉၇၈ ခုနှစ်၊ သင်္ဘောဝန်ထမ်းများလေ့ကျင့်ရေး၊ ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးရေးနှင့် အလုပ်ကျစောင့်ကြည့်စစ်ဆေးရေး တာဝန်ထမ်းဆောင်ရန် စံများသတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ယင်း၏ ပြင်ဆင်ချက် (STCW ကွန်ဗင်းရှင်း) အရ ကျွမ်းကျင်မှုလက်မှတ် အဆင့် (၁) သို့မဟုတ် အဆင့် (၂) အား ကိုင်ဆောင်ထားခြင်း၊

(၂) စီမံခန့်ခွဲမှုအဆင့်တွင် အနည်းဆုံး (၁) နှစ် အပါအဝင် အရာရှိအဖြစ် ပင်လယ်ပြင် လုပ်သက် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း၊

(၃) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး အခြေခံ လေ့ကျင့်သင်ကြားခြင်းသင်တန်း၊ သင်္ဘောတိုင်းတာစစ်ဆေးခြင်း နှင့်လက်မှတ်ထုတ်ပေးခြင်း သင်တန်းနှင့် လုပ်ငန်းခွင် လေ့ကျင့်သင်ကြား ခြင်းသင်တန်းတို့ ပြီးမြောက်အောင်မြင်ထားခြင်း၊

(၄) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာန၏ တိုင်းတာစစ်ဆေးရေးမှူး အဖြစ် တာဝန်များဆောင်ရွက်ရန် လိုအပ်သော ပြည်တွင်းနှင့် အပြည်ပြည် ဆိုင်ရာ စာချုပ်စာတမ်းများပါ ပြဋ္ဌာန်းချက်များ၊ သင်္ဘောများနှင့် ယင်းတို့၏ ဆောင်ရွက်မှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့် သင့်လျော်သော လက်တွေ့ နှင့်သီအိုရီဆိုင်ရာ အသိပညာများအား မှတ်တမ်းထားရှိသည့် လေ့ကျင့် သင်ကြားခြင်း အစီအစဉ်များမှ သင်ကြားသိရှိပြီးဖြစ်ခြင်း၊

(၅) ယခင်ကကျွမ်းကျင်မှုနယ်ပယ်၌ ရှိခဲ့သည့် သက်ဆိုင်ရာ အတွေ့အကြုံကို အကျိုးသက်ရောက်မှု အားသာချက်အဖြစ် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ယင်းအတွေ့အကြုံ မရှိခဲ့ပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ၏တိုင်းတာစစ်ဆေးရေးမှူး လေ့ကျင့်သင်ကြားခြင်း သင်တန်းတွင် သင့်လျော်သော လက်တွေ့ကျွမ်းကျင်မှုအား ထည့်သွင်း လေ့ကျင့် သင်ကြား ပြီးဖြစ်ခြင်း။

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာစစ်ဆေးရေးအရာရှိသည် အောက်ဖော်ပြပါ အနိမ့်ဆုံး ရှိရမည့် အရည်အချင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(၁) ၁၉၇၈ ခုနှစ်၊ သင်္ဘောဝန်ထမ်းများလေ့ကျင့်ရေး၊ ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးရေးနှင့် အလုပ်ကျစောင့်ကြည့်စစ်ဆေးရေး တာဝန်ထမ်းဆောင် ရန် စံများသတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ယင်း၏ ပြင်ဆင်ချက် (STCW ကွန်ဗင်းရှင်း) အရ ကျွမ်းကျင်မှုလက်မှတ်အဆင့် (၁) သို့မဟုတ် အဆင့် (၂) အား ကိုင်ဆောင်ထားခြင်း၊

(၂) စီမံခန့်ခွဲမှုအဆင့်တွင် ပင်လယ်ပြင်လုပ်သက် အနည်းဆုံး (၁) နှစ် ရှိခြင်း၊

(၃) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်း အလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ အခြေခံလေ့ကျင့်သင်ကြားခြင်းသင်တန်း၊ ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်း ဆိုင်ရာ စစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းသင်တန်းနှင့် လုပ်ငန်းခွင် လေ့ကျင့်သင်ကြားခြင်းတို့ ပြီးမြောက်အောင်မြင်ထားခြင်း။

၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးများနှင့်ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိများ၏ တာဝန်ဝတ္တရားများ၊ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍-

(က) ရေကြောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ရေထု သို့မဟုတ် လေထုသဘာဝပတ်ဝန်းကျင်ကာကွယ်ရေးတို့ကို စိစစ်စီမံဆောင်ရွက်သောသူများနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များကို ဦးစီးဌာနသည် အထောက်အထားများဖြင့် သတ်မှတ်ထားရှိရမည်။

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးများနှင့် ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိများသည် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ မဖြစ်မနေလိုက်နာရမည့် စာချုပ်စာတမ်းများနှင့် အကျုံးဝင်သော သင်္ဘောများနှင့် ကုမ္ပဏီများအား တိုင်းတာစစ်ဆေးခြင်းနှင့် လုပ်ငန်းစစ်ဆေးခြင်း၊ အသိအမှတ်ပြုအဖွဲ့အစည်းများအား ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်းတို့အတွက် လိုအပ်သော လုံလောက်သည့် အရည်အချင်းနှင့် တာဝန်ခံမှုရှိရမည်။

၄။ ညွှန်ကြားရေးမှူးချုပ်သည် နောက်ဆက်တွဲ (က) သို့မဟုတ် (ခ) ပါ လေ့ကျင့်သင်ကြားခြင်းအစီအစဉ်များပြီးဆုံးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အရာထမ်းများ သို့မဟုတ် သင့်လျော်သောပုဂ္ဂိုလ်များကို တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေး အရာရှိအဖြစ် ခန့်အပ်စာကို ထုတ်ပေးရမည်။

၅။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၁-၁၂-၂၀၁၄ ရက်စွဲပါ ညွှန်ကြားချက် အမှတ် ၁၆/၂၀၁၄ ကို ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာကိုကိုနိုင်
ခေတ္တညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ရညန/ညွှန်ကြားချက်/ ၅၅၁(ဃ၁)
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်

**ဖြန့်ဝေခြင်း**

အသိအမှတ်ပြုအဖွဲ့အစည်းများ

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | } | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်း အပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။ |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | | |

မိတ္တူကို

- ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊
- ပြည်ထောင်စုရှေ့နေချုပ်ရုံး၊
- ရုံးလက်ခံ။

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏တိုင်းတာစစ်ဆေးရေးမှူးများအတွက် လေ့ကျင့်သင်ကြားခြင်းအစီအစဉ်များ

### ရည်ရွယ်ချက်

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဝန်ထမ်းများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ လိုအပ်သော အသိပညာနှင့် ၎င်းတို့၏အသိပညာကို စဉ်ဆက်မပြတ် တိုးတက်စေရန် ထောက်ပံ့ပေးသော လေ့ကျင့်သင်ကြားခြင်းနှင့် အရည်အချင်းများအတွက် မှတ်တမ်းတင်ထားရှိသော စနစ်အား အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

### အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၂။ (က) **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး** ဆိုသည်မှာ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) တို့၏ စာချုပ်စာတမ်းများပါ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန်အတွက် သင်္ဘောများနှင့် ကုမ္ပဏီများအား တိုင်းတာစစ်ဆေးခြင်းနှင့် လုပ်ငန်းစစ်ဆေးခြင်း၊ အသိအမှတ်ပြု အဖွဲ့အစည်းများအား ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်းပြုလုပ်ရန် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ကိုယ်စား ဆောင်ရွက်ရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်မှ ခန့်အပ်ထားသူကို ဆိုသည်။

(ခ) **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးကြီး** ဆိုသည်မှာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်မှ အတည်ပြုထားသည့် အရည်အချင်း ပြည့်မီ၍ အတွေ့အကြုံရှိသော ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးကို ဆိုသည်။

(ဂ) **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသား** ဆိုသည်မှာ အရည်အချင်းပြည့်မီသော ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး ဖြစ်ရန် လေ့ကျင့်သင်ယူနေသူကို ဆိုသည်။

### လုပ်ငန်းလိုအပ်ချက်များ

၃။ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးအတွက်

လေ့ကျင့်သင်ကြားခြင်းအစီအစဉ်တွင် ပါဝင်သော လုပ်ငန်းလိုအပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သင်္ဘောများ၊ သင်္ဘောကုမ္ပဏီများ၊ သင်္ဘောဝန်ထမ်းများ၊ ကုန်စည်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများနှင့် စည်းမျဉ်းများ ကိုသိရှိနားလည်ခြင်း၊

(ခ) တိုင်းတာစစ်ဆေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်း၊ ထိန်းချုပ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း နှင့် အသိအမှတ်ပြုအဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲခြင်း လုပ်ငန်းများတွင် ကျင့်သုံးမည့် လုပ်ထုံးလုပ်နည်းများ၏ အသိပညာများကို သိရှိနားလည်ခြင်း၊

(ဂ) ရေကြောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ရေထု သို့မဟုတ် လေထု သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေး အစီအစဉ်များနှင့် စပ်လျဉ်းသည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများ၏ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက် များကို သိရှိနားလည်ခြင်း၊

(ဃ) ရေယာဉ်နှင့် ကမ်းနားရှိ အဖွဲ့အစည်းများအား စစ်ဆေးခြင်း၊ လုပ်ငန်းစဉ်များအား နားလည်ခြင်း၊

(င) ပေးအပ်ထားသော လုပ်ငန်းတာဝန်များကိုထိရောက်စွာနှင့် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော အတတ်ပညာဆိုင်ရာကျွမ်းကျင်မှုစွမ်းရည်ကို သိရှိနားလည်ခြင်း၊

(စ) တစ်ဦးချင်းစီ၏ တစ်ကိုယ်ရေ ဘေးအန္တရာယ်ကင်းရှင်းရေးအပါအဝင် အန္တရာယ် ကင်းရှင်းရေး အခြေအနေများအားလုံးကို သိရှိနားလည်ခြင်း၊

(ဆ) လေ့ကျင့်သင်ကြားခြင်း သို့မဟုတ် အမျိုးမျိုးသော လုပ်ငန်းတာဝန်များတွင် ဆောင်ရွက်ရန်နှင့် ဆောင်ရွက်သောလုပ်ငန်းတာဝန်များတွင် ချင့်ချိန်ဆုံးဖြတ်ရန် အတွေ့အကြုံရှိခြင်း။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများ အတွက် လေ့ကျင့်သင်ကြားခြင်း အစီအစဉ်များ**

၄။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသား များအတွက် လေ့ကျင့်သင်ကြားခြင်းအစီအစဉ်များ

**Trainee Flag State Surveyor**

Basic knowledge requirement

**Familiarization**
Office Procedures of Respective Division and Legislations issued by DMA (available on its website)

a) Computer based information
b) Publications

Safety guidelines & procedure

**Basis Training Course**

a) Relevant National laws and regulations
b) SOLAS c) MARPOL d) Load Line
e) Tonnage f) STCW g) COLREG
h) MLC other
i) IMO Instruments and Conventions
j) Relevant ILO Instruments
k) Torremolinos Convention

In-house training on safety and environmental protection

Code of Safe Working Practices for Merchant Seafarers

Ship Survey and Certification

**Ship Survey and Certification Course**

- Survey of machinery Installations (Model Course 3.03 plus compendium)
- Survey of electrical Installations (Model Course 3.04)
- Survey of fire appliances and provisions (Model Course 3.05 plus compendium)
- Survey of life-saving appliances and arrangements (Model Course 3.06 plus compendium)
- Hull and structural survey (Model Course 3.07 plus compendium)
- Survey of navigation aids and equipment (Model Course 3.08 plus compendium)
- Port State Control (Model Course 3.09)
- Safety Investigation into marine casualties and marine Incidents (Model Course 3.11)
- Flag State Implementation (Model Course 3.22)
- Fishing vessels safety courses

Issue certificate after completion of training course

In-house training

On-Job Training

Attend surveys with senior or experienced Flag State surveyors,
minimum 5 for each type of surveys
except 3 for each type of surveys or audits of ship engaged in the International Voyages and 1 for each type of floating dock survey

Carry out survey or audit under monitoring of senior or experienced Flag State surveyor after achieving minimum requirement

Briefing/ Debriefing by senior or experienced Flag State surveyor
IMO Resolution A948 (23) Guidelines under HSSC

Issue or endorse certificates after survey or audit under monitoring by senior or experienced Flag State surveyor

Ship Survey and Flag State Inspection

Issue Surveyor appointment Letter when qualified to perform surveys or audits or accident investigations independently

Carry out Survey

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများ အတွက် အကျွမ်းတဝင်ရှိမှု**

၅။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသား များ သည် သက်ဆိုင်ရာ ဌာနခွဲအသီးသီး၏ ရုံးလုပ်ငန်း လုပ်ထုံးလုပ်နည်းများနှင့် အကျွမ်းတဝင် ရှိရမည်။ ထိုသို့အကျွမ်းတဝင်ရှိမှုကို ပူးတွဲ ၁ တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ ညွှန်ကြားရေးမှူး၏ ထောက်ခံချက်ဖြင့် မှတ်တမ်းထားရှိရမည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများ အတွက် အခြေခံလေ့ကျင့် သင်ကြားခြင်းသင်တန်း**

၆။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသား များအတွက် အခြေခံလေ့ကျင့်သင်ကြားခြင်းသင်တန်း

| | Subject | Duration (hours) |
|---|---|---|
| | **Briefing Week 1* (Monday to Friday, 0800 to 1700 hours with 1 hour lunch break)** | |
| 1 | International Organizations: IMO, ILO, IOPC, IHO etc., | 2 |
| 2 | Over view of IMO Conventions | 2 |
| 3 | DMA and its functions | 1 |
| 4 | Ship Registry | 1 |
| 5 | SOLAS, MMSA & Regulations | 10 |
| 6 | IMDG Code & Regulations | 1 |
| 7 | IBC, IGC, BCH and GC Codes & Regulations | 2 |
| 8 | HSC Code & Regulations | 1 |
| 9 | ISM Code & Regulations | 2 |
| 10 | ISPS Code & Regulations | 3 |
| 11 | MARPOL & Regulations | 11 |
| 12 | ILC & Regulations | 1 |
| 13 | ITC & Regulations | 1 |
| 14 | STCW & Regulations | 1 |
| 15 | COLREG & Regulations | 1 |
| | **TOTAL** | **40 hours** |

| | Briefing Week 2* (Monday to Friday, 0800 to 1700 hours with 1 hour lunch break) | |
|---|---|---|
| 1 | ILO | 2 |
| 2 | OPRC 90 & OPRC HNS Protocol & Regulations | 2 |
| 3 | CLC 92, Bunker, LLMC & SUA | 2 |
| 4 | Torremolinos Convention | 4 |
| 5 | MLC | 4 |
| 5 | AFS Convention | 1 |
| 6 | Ballast Water Convention | 2 |
| 7 | Survey & Certification | 5 |
| 8 | Investigations | 4 |
| 9 | FSC | 6 |
| 10 | PSC | 6 |
| 11 | Preparing ground work to accede and implementation a Convention | 1 |
| 12 | Technical Report Writing | 1 |
| | **TOTAL** | **40 hours** |

* In lieu of full-time course for 2 weeks, the course could be conducted as part-time basis (e.g. once a week) covering the topics listed for similar duration.

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများအတွက် ဌာနတွင်း လေ့ကျင့်သင်ကြားခြင်း**

၇။ သက်ဆိုင်ရာညွှန်ကြားရေးမှူး သို့မဟုတ် ၎င်းမှအာဏာလွှဲအပ်ထားသည့် ပုဂ္ဂိုလ်က ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများကို ဌာနတွင်း လေ့ကျင့်သင်ကြားခြင်းများ စီစဉ်ပေးရမည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများအတွက် တိုင်းတာစစ်ဆေးခြင်း၊ လုပ်ငန်းစစ်ဆေးခြင်း၊ စစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လေ့ကျင့်သင်ကြားခြင်းသင်တန်းများ**

၈။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများအတွက် တိုင်းတာစစ်ဆေးခြင်း၊ လုပ်ငန်းစစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း သင်တန်းတွင် အောက်ဖော်ပြပါ အကြောင်းအရာများ ပါဝင်သည်-

(က) Survey of machinery Installations

(Model Course 3.03 plus compendium)

(ခ) Survey of electrical Installations

(Model Course 3.04)

(ဂ) Survey of fire appliances and provisions

(Model Course 3.05 plus compendium)

(ဃ) Survey of life-saving appliances and arrangement

(Model Course 3.06 plus compendium)

(င) Hull and structural survey

(Model Course 3.07 plus compendium)

(စ) Survey of navigation aids and equipment

(Model Course 3.08 plus compendium)

(ဆ) Port State Control

(Model Course 3.09)

(ဇ) Safety Investigation into marine casualties and marine Incidents

(Model Course 3.11)

(ဈ) Harmonized System of Survey and Certification (HSSC)

(ည) Maritime Labour Convention

(ဋ) Flag State Implementation

(Model Course 3.22)

(ဌ) Fishing Vessels safety courses

**လေ့ကျင့်သင်ကြားခြင်း မှတ်တမ်းနှင့် လက်မှတ်**

၉။ (က) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးကြီး သို့မဟုတ် နည်းပြများသည် အပိုဒ် ၅၊ ၆ နှင့် ၇ တွင် သတ်မှတ်ဖော်ပြထားသော လေ့ကျင့်သင်ကြားခြင်းသင်တန်း တစ်ခုချင်းစီတွင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများ၏ အရည်အချင်း ပြည့်မီမှု ရှိ မရှိကို ဆုံးဖြတ်ရန် စဉ်ဆက်မပြတ် အကဲဖြတ် စစ်ဆေး ရမည်။

(ခ) သင်တန်းများကို ပူးတွဲ ၂ တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ ညွှန်ကြားရေးမှူး၏ အကြံပြုထောက်ခံချက်နှင့် အတည်ပြုချက်ဖြင့် မှတ်တမ်း တင်ထားရှိရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ပူးတွဲ ၃ တွင် သတ်မှတ် ဖော်ပြထားသည့်အတိုင်း ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများကို သင်တန်းပြီးမြောက် အောင်မြင်ကြောင်း လက်မှတ်ကို ထုတ်ပေးရမည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများ အတွက် လုပ်ငန်းခွင်လေ့ကျင့် သင်ကြားခြင်းသင်တန်း**

၁၀။ (က) **ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများအတွက် လုပ်ငန်းခွင် လေ့ကျင့်သင်ကြားခြင်းသင်တန်း**

အနည်းဆုံး လိုအပ်သော လုပ်ငန်းခွင် လေ့ကျင့်သင်ကြားခြင်းသင်တန်း အရေအတွက်သည် သင်တန်းသားတစ်ဦးချင်းစီ၏ လုပ်ငန်းတာဝန်အခက်အခဲများ၊ အတွေ့အကြုံနှင့် လုပ်ဆောင်နိုင်စွမ်းတို့အပေါ်မူတည်၍ အချိုးညီစွာ လေ့ကျင့် သင်ကြားခြင်း ဖြစ်စေရမည်။ ထိုအရေအတွက်သည် ရေကြောင်းပို့ဆောင်ရေး

ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများ၏ လုပ်ဆောင်မှုအပေါ်အခြေခံ၍ လျှော့ချ သို့မဟုတ် တိုးမြှင့်လေ့ကျင့်သင်ကြားနိုင်သည်။ အမှန်တကယ်ရှိရမည့် လုပ်ငန်းခွင် လေ့ကျင့်သင်ကြားခြင်းသင်တန်း အရေအတွက်သည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများ၏ ယခင်အရည်အချင်းနှင့် အတွေ့အကြုံများပေါ်မူတည်၍ ပြောင်းလဲနိုင်သည်။

(၁) **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အင်ဂျင်နီယာဘက်ဆိုင်ရာ တိုင်းတာစစ်ဆေးရေးမှူးသင်တန်းသား**

| No. | Survey Tasks | Minimum number of on-job training | Remark |
|---|---|---|---|
| 1. | Various Types of Inland Vessel (Passenger) | Docking Surveys (5)<br>Safety Certificate Survey(5) | |
| 2. | Various Types of Inland Vessel (Cargo/Tug) | Docking Surveys (5)<br>Safety Certificate Survey(5) | |
| 3. | Various Sizes of Inland Vessel (Tanker) | Safety Certificate Survey (5) | |
| 4. | Various Types of Coastal ship (Cargo) | Docking Survey (5) ,<br>Load Line (5),<br>TONNAGE (5)<br>Safety Construction (5) | |
| 5. | Various Types of Coastal Passenger Ship | PSSC (5) | |
| 6. | Coastal Fishing Vessel | Docking Survey (5)<br>SEAWORTHY (5) | |
| 7. | Various Types of Sea-going Ship | D/S, LL, CSSC, IOPP,<br>IAPP, ISPP, (3)each | |
| 8. | Various Types of Floating Dock or Floating Vessel | Safety Construction (1) | |

## (၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရေကြောင်းဘက်ဆိုင်ရာ တိုင်းတာစစ်ဆေးရေးမှူးသင်တန်းသား

| No. | Survey Tasks | Minimum number of on-job training | Remark |
|---|---|---|---|
| 1. | Various Types of Coastal Vessel Ship (Cargo and tanker) | TONNAGE (5), Safety Equipment (5) Safety Radio (5) | |
| 2. | Various Types of Coastal Passenger Ship or Speed Boat or Pleasure Yachts | TONNAGE (5), Safety Equipment (5) Safety Radio (5) | |
| 3. | Coastal Fishing Vessel | TONNAGE (5), Safety Equipment (5) | |
| 4. | Various Types of Cargo Ship (Sea-going Ship) | Safety Equipment (3) Safety Radio (3) DOC (3), SMC (3), ISSC (3) DOC for DG (3) COC with IMSBC (3) CLC (3) | |
| 5. | Various Types of Floating Dock or Floating Vessel | TONNAGE (1), Safety Equipment (1) Safety Radio (1) | |

## (ခ) တူညီသော လုပ်ငန်းခွင်လေ့ကျင့်သင်ကြားခြင်းသင်တန်း

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများအား အသိအမှတ်ပြု လုံခြုံရေးအဖွဲ့အစည်း သို့မဟုတ် အသိအမှတ်ပြုအဖွဲ့အစည်းမှ တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် လုပ်ငန်း စစ်ဆေးသူ သို့မဟုတ် စစ်ဆေးရေးအရာရှိတို့နှင့်အတူ တိုင်းတာစစ်ဆေးခြင်း၊ လုပ်ငန်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးခြင်းများကို တက်ရောက်စစ်ဆေး

ခွင့်ပြုရမည်။ တိုင်းတာစစ်ဆေးခြင်း၊ လုပ်ငန်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးခြင်းများ ဆောင်ရွက်ရန် လိုအပ်သော အရေအတွက်ကို သတ်မှတ်ရာတွင် အဆိုပါ တက်ရောက်စစ်ဆေးခြင်းကိုလည်း ထည့်သွင်းတွက်ချက်ရမည်။

(ဂ) **လုပ်ငန်းခွင်လေ့ကျင့်သင်ကြားခြင်းသင်တန်းအတွက် မှတ်တမ်းတင်ခြင်း**

လုပ်ငန်းခွင်လေ့ကျင့်သင်ကြားခြင်း သင်တန်းများသည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးကြီး၏ အကြံပြုထောက်ခံချက်နှင့် အတည်ပြုချက်များကို မှတ်တမ်းတင်ထားရှိရမည်ဖြစ်ပြီး ပူးတွဲ ၄ တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာညွှန်ကြားရေးမှူးမှ ထိုသင်တန်းများအား အသိအမှတ်ပြုရမည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးများနှင့် တိုင်းတာစစ်ဆေးရေးမှူးကြီးများအတွက် မွမ်းမံသင်တန်းများ**

၁၁။ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးများနှင့် တိုင်းတာစစ်ဆေးရေးမှူးကြီးများအတွက် မွမ်းမံသင်တန်းများကို အောက်ဖော်ပြပါ အတိုင်း စီစဉ်ပေးရမည်-

(က) အသိအမှတ်ပြုအဖွဲ့အစည်းများ၏ အသိပညာများကို တစ်နှစ်လျှင် နှစ်ကြိမ် ဆွေးနွေးခြင်းနှင့် မျှဝေခြင်း၊

(ခ) အတွေ့အကြုံရှိသော တိုင်းတာစစ်ဆေးရေးမှူးကြီးများ သို့မဟုတ် အငြိမ်းစား တိုင်းတာစစ်ဆေးရေးမှူးကြီးများ၏ အတွေ့အကြုံများနှင့် အသိပညာများကို မျှဝေရန် သုံးလတစ်ကြိမ် ဖိတ်ခေါ်ခြင်း၊

(ဂ) နိုင်ငံခြားသင်တန်းများကို တက်ရောက်ထားသည့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အရာရှိများ၏ အသိပညာများကိုမျှဝေခြင်း။

**ခန့်အပ်စာထုတ်ပေးခြင်း**

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် လေ့ကျင့်သင်ကြားခြင်းအစီအစဉ်များ ပြီးဆုံးသည့်အခါ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများအား ခန့်အပ်စာ ထုတ်ပေးရမည်။

# အဖွဲ့အစည်း ဖွဲ့စည်းတည်ဆောက်မှုပုံစံ

- ညွှန်ကြားရေးမှူးချုပ်
  - ဒု-ညွှန်ကြားရေးမှူးချုပ် (နည်းပညာ)
    - ညွှန်ကြားရေးမှူး ရေကြောင်းဌာနခွဲ (သက်ဆိုင်ရာညွှန်ကြားရေးမှူး)
      - ရေကြောင်းဘက်ဆိုင်ရာ တိုင်းတာစစ်ဆေးရေးမှူးကြီး၊ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်ရှင်းဆိုင်ရာစစ်ဆေးရေး အရာရှိကြီး
        - ရေကြောင်းဘက်ဆိုင်ရာ တိုင်းတာစစ်ဆေးရေးမှူးများ၊ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိများ
          - ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်ရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများ
          - ရေကြောင်းဘက်ဆိုင်ရာ တိုင်းတာစစ်ဆေး ရေးမှူး သင်တန်းသားများ
    - ညွှန်ကြားရေးမှူး ရေကြောင်းအင်ဂျင်နီယာဌာနခွဲ (သက်ဆိုင်ရာညွှန်ကြားရေးမှူး)
      - အင်ဂျင်နီယာဘက်ဆိုင်ရာ တိုင်းတာစစ်ဆေးရေးမှူးကြီး
        - အင်ဂျင်နီယာဘက်ဆိုင်ရာ တိုင်းတာစစ်ဆေးရေးမှူးများ
          - စစ်ဆေးရေးအရာရှိ သင်တန်းသားများ
          - အင်ဂျင်နီယာ ဘက်ဆိုင်ရာ တိုင်းတာစစ်ဆေးရေးမှူး သင်တန်းသားများ

**ပူးတွဲ ၁**

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏
## တိုင်းတာစစ်ဆေးရေးမှူးနှင့် ပင်လယ်ရေကြောင်းအလုပ်သမား
## ကွန်ဗင်းရှင်းဆိုင်ရာစစ်ဆေးရေးအရာရှိတို့အတွက်
## အကျွမ်းတဝင်ရှိမှုမှတ်တမ်း

သင်တန်းသားအမည် ______________________________

ရာထူး ______________________________

ကျွမ်းကျင်မှုလက်မှတ် ______________________________

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး/ ပင်လယ် ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိအတွက် သင်တန်းသား (မလိုလျှင်ခြစ်ပစ်ပါ)

### (က) ဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းများ

| စဉ် | အချက်အလက် | ကာလအပိုင်းအခြား | လေ့ကျင့်သင်ကြားပေးသူ၏ အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေ နှင့် ယင်း၏ပြင်ဆင်ချက်များ | | | |
| ၂။ | မြန်မာသင်္ဘောမှတ်ပုံတင်အက်ဥပဒေ | | | |
| ၃။ | မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့်ပင်လယ် ဇုန်များ ဥပဒေ | | | |
| ၄။ | ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ | | | |
| ၅။ | မြန်မာကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ | | | |
| ၆။ | အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ၊ ဆာကြူလာအမိန့်များ နှင့် | | | |

| | | | | |
|---|---|---|---|---|
| | ရေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီး ဌာနမှ ထုတ်ပြန်ထားသော ရေကြောင်းပို့ ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာ စစ်ဆေးရေးမှူးနှင့် ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေး ရေးအရာရှိ သင်တန်းသားအတွက် မူဝါဒများ | | | |
| ၇။ | ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီး ဌာနမှ ထုတ်ပြန်ထားသော ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ တိုင်းတာ စစ်ဆေးရေးမှူးနှင့် ပင်လယ် ရေကြောင်း အလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေး အရာရှိ သင်တန်းသားအတွက် စံလုပ်ထုံး လုပ်နည်းများ | | | |
| ၈။ | သက်ဆိုင်ရာဌာနခွဲ၏ ဖိုင်စနစ် | | | |

## (ခ) လုပ်ငန်းခွင်နယ်ပယ်/ တာဝန်ဝတ္တရား

**(ဂ) သက်ဆိုင်ရာညွှန်ကြားရေးမှူးမှ ထုတ်ပြန်ထားသော တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် လုပ်ငန်းစစ်ဆေးသူ သို့မဟုတ် စစ်ဆေးရေးအရာရှိအတွက် လုပ်ငန်းခွင်ညွှန်ကြားချက်များ**

**(ဃ) အခြား**

သင်တန်းသားလက်မှတ်

ညွှန်ကြားရေးမှူးလက်မှတ်

နေ့စွဲ

နေ့စွဲ

**ပူးတွဲ ၂**

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးနှင့် ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာစစ်ဆေးရေးအရာရှိတို့အတွက် လေ့ကျင့်သင်ကြားခြင်းမှတ်တမ်း

သင်တန်းသားအမည် ______________________________

ရာထူး ______________________________

ကျွမ်းကျင်မှုလက်မှတ် ______________________________

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး/ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိအတွက် သင်တန်းသား (မလိုလျှင်ခြစ်ပစ်ပါ)

| စဉ် | သင်တန်းအကြောင်းဖော်ပြချက် | ကာလ အပိုင်း အခြား | သင်တန်းပေးသူ ၏ မှတ်ချက် (ဌာနတွင်း သင်တန်း အတွက်သာ) | သင်တန်းပေးသူ၏ လက်မှတ် (ဌာနတွင်း သင်တန်း အတွက်သာ) |
|---|---|---|---|---|
| | | | | |

____________________

သင်တန်းသားလက်မှတ်

နေ့စွဲ ____________________

____________________

ညွှန်ကြားရေးမှူးလက်မှတ်

နေ့စွဲ ____________________

ပူးတွဲ ၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## သက်သေခံလက်မှတ်

အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) ၏ သင်တန်းပုံစံ ------------------- အား အခြေခံပြီး -------------------------- ၏ လိုအပ်ချက် များနှင့်အညီ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် --------------------------- သင်တန်းအား အောင်မြင်စွာတက်ရောက် ပြီးဆုံးသည့်အတွက် ---------------------------အား သက်သေခံလက်မှတ်ကို ထုတ်ပေးလိုက်သည်။

| | |
|---|---|
| လက်မှတ်နံပါတ် | : ရညန/ xxx ဝ၁-ဝ၁/၂ဝXX |
| မှတ်ပုံတင်/သင်္ဘောသားစာအုပ်အမှတ် | : |
| မွေးနေ့သက္ကရာဇ် | : |
| ထုတ်ပေးသည့်နေ့ | : |

ညွှန်ကြားရေးမှူးချုပ်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

xxx : လေ့ကျင့်သင်တန်း၏ နံမည်အတို

၂ဝxx: ခုနှစ်

ပူးတွဲ ၄

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏**

**တိုင်းတာစစ်ဆေးရေးမှူးနှင့် ပင်လယ်ရေကြောင်းအလုပ်သမား**

**ကွန်ဗင်းရှင်းဆိုင်ရာစစ်ဆေးရေးအရာရှိတို့အတွက်**

**လုပ်ငန်းခွင်လေ့ကျင့်သင်ကြားခြင်းမှတ်တမ်း**

သင်တန်းသားအမည် ______________________________

ရာထူး ______________________________

ကျွမ်းကျင်မှုလက်မှတ် ______________________________

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး/ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိတို့အတွက် သင်တန်းသား (မလိုလျှင်ခြစ်ပစ်ပါ)

| စဉ် | သင်္ဘောအမည် နှင့် အမျိုးအစား | တိုင်းတာစစ်ဆေးသည့် အမျိုးအစား နှင့် လက်မှတ် | ကာလ အပိုင်း အခြား | သင်တန်းပေးသူ၏ မှတ်ချက် (တိုင်းတာစစ်ဆေးရေးမှူးကြီး/ DMA/ RO/RSO ၏ စစ်ဆေးရေးအရာရှိ) | သင်တန်းပေးသူ၏ လက်မှတ် (တိုင်းတာစစ်ဆေးရေးမှူးကြီး/ DMA/ RO/RSO ၏ စစ်ဆေးရေးအရာရှိ) |
|---|---|---|---|---|---|
| | | | | | |

____________________ ____________________

သင်တန်းသားလက်မှတ် ညွှန်ကြားရေးမှူးလက်မှတ်

နေ့စွဲ ____________________ ____________________

# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိများအတွက် လေ့ကျင့်သင်ကြားခြင်းအစီအစဉ်များ

## ရည်ရွယ်ချက်

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဝန်ထမ်းများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ လိုအပ်သော အသိပညာနှင့် ၎င်းတို့၏အသိပညာကို စဉ်ဆက်မပြတ် တိုးတက်စေရန် ထောက်ပံ့ပေးသော လေ့ကျင့်သင်ကြားခြင်းနှင့် အရည်အချင်းများအတွက် မှတ်တမ်းတင်ထားရှိသောစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၂။ (က) **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများနှင့်အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ၏ စာချုပ်စာတမ်းများပါ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန်အတွက် သင်္ဘောများနှင့် သင်္ဘောဝန်ထမ်းများ၏ ကောင်းမွန်သောနေထိုင်မှု၊ လုပ်ငန်းခွင်အခြေအနေများအား စစ်ဆေးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ကိုယ်စား ဆောင်ရွက်ရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်မှ ခန့်အပ်ထားသူကို ဆိုသည်။

(ခ) **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိကြီး** ဆိုသည်မှာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်မှ အတည်ပြုထားသည့် အရည်အချင်းပြည့်မီ၍ အတွေ့အကြုံရှိသော ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိကို ဆိုသည်။

(ဂ) **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသား** ဆိုသည်မှာ အရည်အချင်းပြည့်မီသော ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိဖြစ်ရန် လေ့ကျင့်သင်ယူနေသူကို ဆိုသည်။

## လုပ်ငန်းလိုအပ်ချက်များ

၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိများအတွက် လေ့ကျင့်သင်ကြားခြင်းအစီအစဉ်တွင် ပါဝင်သော လုပ်ငန်းလိုအပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သင်္ဘောများ၊ သင်္ဘောကုမ္ပဏီများ၊ သင်္ဘောဝန်ထမ်းများ၊ ကုန်စည်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများနှင့် စည်းမျဉ်းများကို သိရှိနားလည်ခြင်း၊

(ခ) စစ်ဆေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများတွင် ကျင့်သုံးမည့်လုပ်ထုံးလုပ်နည်းများ၏ အသိပညာများကို သိရှိ နားလည်ခြင်း၊

(ဂ) ရေကြောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ရေထု သို့မဟုတ် လေထု သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအစီအစဉ်များနှင့် စပ်လျဉ်းသည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများ၏ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များကို သိရှိနားလည်ခြင်း၊

(ဃ) ရေယာဉ်များအား စစ်ဆေးခြင်း၊ လုပ်ငန်းစဉ်များအား နားလည်ခြင်း၊

(င) ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ထိရောက်စွာနှင့် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်ကို သိရှိနားလည်ခြင်း၊


(စ) တစ်ဦးချင်းစီ၏ တစ်ကိုယ်ရေ ဘေးအန္တရာယ်ကင်းရှင်းရေးအပါအဝင် အန္တရာယ်ကင်းရှင်းရေး အခြေအနေများအားလုံးကို သိရှိနားလည်ခြင်း၊

(ဆ) လေ့ကျင့်သင်ကြားခြင်း သို့မဟုတ် အမျိုးမျိုးသော လုပ်ငန်းတာဝန်များတွင် ဆောင်ရွက်ရန်နှင့် ဆောင်ရွက်သော လုပ်ငန်းတာဝန်များတွင် ချင့်ချိန်ဆုံးဖြတ်ရန် အတွေ့အကြုံရှိခြင်း။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်း အလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများအတွက် လေ့ကျင့်သင်ကြားခြင်း အစီအစဉ်များ**

၄။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများအတွက် လေ့ကျင့် သင်ကြားခြင်း

အစီအစဥ်များ


Trainee MLC Inspector
Familiarization
Office Procedures of Respective Division and Legislations issued by DMA (available on its website)
Basic knowledge requirement
Basis Training Course
a) Relevant National laws and regulations
b) MLC c) Load Line d) ISM Code
d) Relevant ILO Instruments
a) Computer based information
b) Publications
Safety guidelines & procedure
Code of Safe Working Practices for Merchant Seafarers
In-house training on safety and environmental protection
MLC inspection and Certification
MLC inspection and Certification Course
1. Guidelines for flag State inspections under the Maritime Labour Convention, 2006.
2. Guidelines for port State control officers carrying out inspections under the Maritime Labour Convention, 2006
In-house training
Issue certificate after completion training course
On-Job Training
Attend inspection with senior or experienced MLC Inspectors, minimum 3 for MLC inspection
Carry out inspection under monitoring of senior or experienced MLC inspector after achieving minimum requirement
Issue Inspector Appointment Letter when qualified to perform inspection independently.
Issuing certificates after inspection under monitoring by senior or experienced MLC inspector
MLC inspection
Carry out inspection

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်း ဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများအတွက် အကျွမ်းတဝင်ရှိမှု**

၅။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများသည် ဌာနခွဲ၏ ရုံးလုပ်ငန်း လုပ်ထုံးလုပ်နည်းများနှင့် အကျွမ်းတဝင်ရှိရမည်။ ထိုသို့အကျွမ်းတဝင်ရှိမှုကို ပူးတွဲ ၁ တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ညွှန်ကြားရေးမှူး၏ ထောက်ခံချက်ဖြင့် မှတ်တမ်း ထားရှိရမည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း ဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများအတွက် အခြေခံလေ့ကျင့်သင်ကြားခြင်းသင်တန်း**

၆။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများအတွက် အခြေခံလေ့ကျင့် သင်ကြားခြင်းသင်တန်းများ

| | Subject | Duration (hours) |
|---|---|---|
| | **Briefing 3 Days (Monday to Friday, 0800 to 1600 hours with 1-hour lunch break)** | |
| 1 | International Organizations: IMO, ILO, IOPC, IHO etc., | 1 |
| 2 | Over view of ILO Conventions | 1 |
| 3 | DMA and its functions | 1 |
| 4 | Ship Registry | 1 |
| 5 | Relevant National Law & Regulations | 1 |
| 6 | ILLC & Regulations | 1 |
| 7 | ITC & Regulations | 1 |
| 8 | STCW & Regulations | 1 |
| 9 | MLC | 6 |
| 10 | ISPS Code & Regulation | 1 |
| 11 | Survey & Certification | 2 |
| 12 | Investigations | 1 |
| 13 | FSC | 1 |
| 14 | PSC | 1 |
| 15 | Technical Report Writing | 1 |
| | **TOTAL** | **21 hours** |

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်း ဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများအတွက် ဌာနတွင်းလေ့ကျင့်သင်ကြားခြင်း**

၇။ ညွှန်ကြားရေးမှူး သို့မဟုတ် ၎င်းမှအာဏာလွှဲအပ်ထားသည့် ပုဂ္ဂိုလ်က ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း ဆိုင်ရာ စစ်ဆေးရေးအရာရှိသင်တန်းသားများကို ဌာနတွင်း လေ့ကျင့်သင်ကြားခြင်းများ စီစဉ်ပေးရမည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများအတွက် တိုင်းတာစစ်ဆေးခြင်း၊ လုပ်ငန်းစစ်ဆေးခြင်း၊ စစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း သင်တန်းများ**

၈။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိသင်တန်းသားများအတွက် စစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လေ့ကျင့်သင်ကြားခြင်းသင်တန်းတွင် အောက်ဖော်ပြပါ အကြောင်းအရာများပါဝင်သည်-

(က) Introduction to the Maritime Labour Convention, 2006, as amended, and the Maritime Context;

(ခ) The Articles of the Maritime Labour Convention;

(ဂ) Flag State Inspection and Certification;

(ဃ) Minimum Requirements for Seafarers to work on a Ship;

(င) Conditions of Employment;

(စ) Accommodation, Recreational Facilities, Food and Catering;

(ဆ) Health Protection, Medical care, Welfare and Social security Complaints;

(ဇ) Guidelines for flag State inspections under the Maritime Labour Convention, 2006, as amended; and

(ဈ) Guidelines for port State control officers carrying out inspections under the Maritime Labour Convention, 2006, as amended.

**လေ့ကျင့်သင်ကြားခြင်းမှတ်တမ်းနှင့် လက်မှတ်**

၉။ (က) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိကြီး သို့မဟုတ် နည်းပြများသည် အပိုဒ် ၅၊ ၆ နှင့် ၇ တွင် သတ်မှတ်ဖော်ပြထားသော လေ့ကျင့်သင်ကြားခြင်းသင်တန်း တစ်ခုချင်းစီတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ် ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသား များ၏ အရည်အချင်းပြည့်မီမှု ရှိ မရှိကို ဆုံးဖြတ်ရန် စဉ်ဆက်မပြတ် အကဲဖြတ် စစ်ဆေးရမည်။

(ခ) သင်တန်းများကို ပူးတွဲ ၂ တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ညွှန်ကြားရေးမှူး၏ အကြံပြုထောက်ခံချက်နှင့် အတည်ပြုချက်ဖြင့် မှတ်တမ်း တင်ထားရှိရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ပူးတွဲ ၃ တွင် သတ်မှတ် ဖော်ပြထားသည့်အတိုင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများကို သင်တန်းပြီးမြောက် အောင်မြင်ကြောင်းလက်မှတ်ကို ထုတ်ပေးရမည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်း ဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများအတွက် လုပ်ငန်းခွင်လေ့ကျင့်သင်ကြားခြင်း သင်တန်း**

၁၀။ (က) **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများအတွက် လုပ်ငန်းခွင် လေ့ကျင့်သင်ကြားခြင်းသင်တန်း**

လုပ်ငန်းခွင်လေ့ကျင့်သင်ကြားခြင်းသင်တန်း၏ လိုအပ်သော အနည်းဆုံး အရေအတွက်သည် သင်တန်းသားတစ်ဦးချင်းစီ၏ လုပ်ငန်းတာဝန် အခက်အခဲ များ၊ အတွေ့အကြုံနှင့် လုပ်ဆောင်နိုင်စွမ်းတို့ အပေါ်မူတည်၍ အချိုးညီစွာ လေ့ကျင့်သင်ကြားခြင်း ဖြစ်စေရမည်။ ထိုအရေအတွက်သည် ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများ၏ လုပ်ဆောင်မှု

အပေါ်အခြေခံ၍ လျှော့ချ သို့မဟုတ် တိုးလာနိုင်သည်။ လုပ်ငန်းခွင်လေ့ကျင့်သင်ကြားခြင်း သင်တန်း၏ အမှန်တကယ် ရှိရမည့် အရေအတွက်သည် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသား များ၏ ယခင်အရည်အချင်းနှင့် အတွေ့အကြုံများပေါ်မူတည်၍ ပြောင်းလဲ နိုင်သည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်း ဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသား**

| No. | Inspection Tasks | Minimum number of on-job training | Remark |
|---|---|---|---|
| 1. | Various Types of Cargo Ship (Sea going Ship) | MLC (3) | |

(ခ) **တူညီသော လုပ်ငန်းခွင်လေ့ကျင့်သင်ကြားခြင်းသင်တန်း**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများအား အသိအမှတ်ပြုအဖွဲ့အစည်းမှ လုပ်ငန်းစစ်ဆေးသူ သို့မဟုတ် စစ်ဆေးရေးအရာရှိ တို့နှင့်အတူ တိုင်းတာစစ်ဆေးခြင်း၊ လုပ်ငန်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးခြင်းများကို တက်ရောက်စစ်ဆေး ခွင့်ပြုရမည်။ တိုင်းတာစစ်ဆေးခြင်း၊ လုပ်ငန်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးခြင်းများ ဆောင်ရွက်ရန် လိုအပ်သော အရေအတွက်ကို သတ်မှတ်ရာတွင် အဆိုပါ တက်ရောက်စစ်ဆေးခြင်းကိုလည်း ထည့်သွင်းတွက်ချက်ရမည်။

(ဂ) **လုပ်ငန်းခွင်လေ့ကျင့်သင်ကြားခြင်းသင်တန်းအတွက် မှတ်တမ်းတင်ခြင်း**

လုပ်ငန်းခွင်လေ့ကျင့်သင်ကြားခြင်း သင်တန်းများသည် ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိကြီး၏ အကြံပြုထောက်ခံချက်နှင့် အတည်ပြုချက်များကို မှတ်တမ်းတင်ထားရှိရမည်ဖြစ်ပြီး ပူးတွဲ ၄ တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာညွှန်ကြားရေးမှူးမှ ထိုသင်တန်း များအား အသိအမှတ်ပြုရမည်။

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိများနှင့် စစ်ဆေးရေးအရာရှိကြီးများအတွက် မွမ်းမံသင်တန်းများ

၁၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိများနှင့် စစ်ဆေးရေးအရာရှိကြီးများအတွက် မွမ်းမံသင်တန်းများကို အောက်ဖော်ပြပါ အတိုင်း စီစဉ်ပေးရမည်-

(က) အသိအမှတ်ပြုအဖွဲ့အစည်းများ၏ အသိပညာများကို တစ်နှစ်လျှင်နှစ်ကြိမ် ဆွေးနွေးခြင်းနှင့် မျှဝေခြင်း၊

(ခ) အတွေ့အကြုံရှိသော ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိကြီးများ သို့မဟုတ် အငြိမ်းစား ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိကြီးများ၏ အတွေ့အကြုံများနှင့် အသိပညာများကို မျှဝေရန် သုံးလတစ်ကြိမ် ဖိတ်ခေါ်ခြင်း၊

(ဂ) နိုင်ငံခြားသင်တန်းများကို တက်ရောက်ထားသည့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အရာရှိများ၏ အသိပညာများကိုမျှဝေခြင်း။

## ခန့်အပ်စာထုတ်ပေးခြင်း

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် လေ့ကျင့်သင်ကြားခြင်းအစီအစဉ်များ ပြီးဆုံးသည့်အခါ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်း ဆိုင်ရာ စစ်ဆေးရေးအရာရှိသင်တန်းသားများအား ခန့်အပ်စာ ထုတ်ပေးရမည်။

# အဖွဲ့အစည်း ဖွဲ့စည်းတည်ဆောက်မှုပုံစံ

- ညွှန်ကြားရေးမှူးချုပ်
  - ဒု-ညွှန်ကြားရေးမှူးချုပ် (နည်းပညာ)
    - ညွှန်ကြားရေးမှူး ရေကြောင်းဌာနခွဲ (သက်ဆိုင်ရာညွှန်ကြားရေးမှူး)
      - ရေကြောင်းဘက်ဆိုင်ရာ တိုင်းတာစစ်ဆေးရေးမှူးကြီး၊ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်ရှင်းဆိုင်ရာစစ်ဆေးရေး အရာရှိကြီး
        - ရေကြောင်းဘက်ဆိုင်ရာ တိုင်းတာစစ်ဆေးရေးမှူးများ၊ ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိများ
          - ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်ရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိ သင်တန်းသားများ
          - ရေကြောင်းဘက်ဆိုင်ရာ တိုင်းတာစစ်ဆေး ရေးမှူး သင်တန်းသားများ
    - ညွှန်ကြားရေးမှူး ရေကြောင်းအင်ဂျင်နီယာဌာနခွဲ (သက်ဆိုင်ရာညွှန်ကြားရေးမှူး)
      - အင်ဂျင်နီယာဘက်ဆိုင်ရာ တိုင်းတာစစ်ဆေးရေးမှူးကြီး
        - အင်ဂျင်နီယာဘက်ဆိုင်ရာ တိုင်းတာစစ်ဆေးရေးမှူးများ
          - စစ်ဆေးရေးအရာရှိ သင်တန်းသားများ
          - အင်ဂျင်နီယာ ဘက်ဆိုင်ရာတိုင်းတာ စစ်ဆေးရေးမှူး သင်တန်းသားများ

ပူးတွဲ ၁

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးနှင့် ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာစစ်ဆေးရေးအရာရှိတို့အတွက် အကျွမ်းတဝင်ရှိမှုမှတ်တမ်း

သင်တန်းသားအမည် ____________________

ရာထူး ____________________

ကျွမ်းကျင်မှုလက်မှတ် ____________________

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး/ ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိအတွက် သင်တန်းသား (မလိုလျှင်ခြစ်ပစ်ပါ)

### (က) ဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းများ

| စဉ် | အချက်အလက် | ကာလအပိုင်းအခြား | လေ့ကျင့်သင်ကြားပေးသူ၏ အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေနှင့် ယင်း၏ပြင်ဆင်ချက်များ | | | |
| ၂။ | မြန်မာသင်္ဘောမှတ်ပုံတင်အက်ဥပဒေ | | | |
| ၃။ | မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များ ဥပဒေ | | | |
| ၄။ | ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ | | | |
| ၅။ | မြန်မာကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ | | | |
| ၆။ | အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ၊ ဆာကျူလာအမိန့်များ နှင့် | | | |

| | | | | |
|---|---|---|---|---|
| | ရေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီး ဌာနမှ ထုတ်ပြန်ထားသော ရေကြောင်းပို့ ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာ စစ်ဆေးရေးမှူးနှင့် ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေး ရေးအရာရှိ သင်တန်းသား အတွက် မူဝါဒများ | | | |
| ၇။ | ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီး ဌာနမှ ထုတ်ပြန်ထားသော ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ တိုင်းတာ စစ်ဆေးရေးမှူးနှင့် ပင်လယ် ရေကြောင်း အလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေး အရာရှိ သင်တန်းသားအတွက် စံလုပ်ထုံး လုပ်နည်းများ | | | |
| ၈။ | သက်ဆိုင်ရာဌာနခွဲ၏ ဖိုင်စနစ် | | | |

## (ခ) လုပ်ငန်းခွင်နယ်ပယ်/ တာဝန်ဝတ္တရားများ

(ဂ) သက်ဆိုင်ရာညွှန်ကြားရေးမှူးမှ ထုတ်ပြန်ထားသော တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် လုပ်ငန်းစစ်ဆေးသူ သို့မဟုတ် စစ်ဆေးရေးအရာရှိအတွက် လုပ်ငန်းခွင်ညွှန်ကြားချက်များ

(ဃ) အခြား

သင်တန်းသားလက်မှတ်

ညွှန်ကြားရေးမှူးလက်မှတ်

နေ့စွဲ

နေ့စွဲ

**ပူးတွဲ ၂**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏**
**တိုင်းတာစစ်ဆေးရေးမှူးနှင့် ပင်လယ်ရေကြောင်းအလုပ်သမား**
**ကွန်ဗင်းရှင်းဆိုင်ရာစစ်ဆေးရေးအရာရှိတို့အတွက်**
**လေ့ကျင့်သင်ကြားခြင်းမှတ်တမ်း**

သင်တန်းသားအမည် ______________________

ရာထူး ______________________

ကျွမ်းကျင်မှုလက်မှတ် ______________________

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး/ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိအတွက် သင်တန်းသား (မလိုလျှင်ခြစ်ပစ်ပါ)

| စဉ် | သင်တန်းအကြောင်းဖော်ပြချက် | ကာလ အပိုင်း အခြား | သင်တန်းပေးသူ ၏ မှတ်ချက် (ဌာနတွင်း သင်တန်း အတွက်သာ) | သင်တန်းပေးသူ၏ လက်မှတ် (ဌာနတွင်း သင်တန်း အတွက်သာ) |
|---|---|---|---|---|
| | | | | |

______________________ ______________________

သင်တန်းသားလက်မှတ် ညွှန်ကြားရေးမှူးလက်မှတ်

နေ့စွဲ ______________________ နေ့စွဲ ______________________

**ပူးတွဲ ၃**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## သက်သေခံလက်မှတ်

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ၏ သင်တန်းပုံစံ ------------------- အားအခြေခံပြီး -------------------------- ၏ လိုအပ်ချက်များနှင့်အညီ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ---------------------------- သင်တန်းအား အောင်မြင်စွာတက်ရောက် ပြီးဆုံးသည့်အတွက် ----------------------------အား သက်သေခံလက်မှတ်ကို ထုတ်ပေးလိုက်သည်။

| | | |
|---|---|---|
| လက်မှတ်နံပါတ် | : | ရညန/ xxx ၀၁-၀၁/၂၀XX |
| မှတ်ပုံတင်/သင်္ဘောသားစာအုပ်အမှတ် | : | |
| မွေးနေ့သက္ကရာဇ် | : | |
| ထုတ်ပေးသည့်နေ့ | : | |

ညွှန်ကြားရေးမှူးချုပ်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

xxx : လေ့ကျင့်သင်တန်း၏ နံမည်အတို

၂၀xx: ခုနှစ်

**ပူးတွဲ ၄**

# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏
# တိုင်းတာစစ်ဆေးရေးမှူးနှင့် ပင်လယ်ရေကြောင်းအလုပ်သမား
# ကွန်ဗင်းရှင်းဆိုင်ရာစစ်ဆေးရေးအရာရှိတို့အတွက်
# လုပ်ငန်းခွင်လေ့ကျင့်သင်ကြားခြင်းမှတ်တမ်း

သင်တန်းသားအမည် ______________________________

ရာထူး ______________________________

ကျွမ်းကျင်မှုလက်မှတ် ______________________________

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူး/

ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းဆိုင်ရာ စစ်ဆေးရေးအရာရှိတို့အတွက်

သင်တန်းသား (မလိုလျှင်ခြစ်ပစ်ပါ)

| စဉ် | သင်္ဘောအမည်နှင့် အမျိုးအစား | တိုင်းတာစစ်ဆေးသည့် အမျိုးအစားနှင့် လက်မှတ် | ကာလ အပိုင်းအခြား | သင်တန်းပေးသူ၏ မှတ်ချက် (တိုင်းတာစစ်ဆေးရေးမှူးကြီး/ DMA/ RO/RSO ၏ စစ်ဆေးရေးအရာရှိ) | သင်တန်းပေးသူ၏ လက်မှတ် (တိုင်းတာစစ်ဆေးရေးမှူးကြီး/ DMA/ RO/RSO ၏ စစ်ဆေးရေးအရာရှိ) |
|---|---|---|---|---|---|
| | | | | | |

______________________ ______________________

သင်တန်းသားလက်မှတ် ညွှန်ကြားရေးမှူးလက်မှတ်

နေ့စွဲ ______________________ ______________________